ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်

မဟာသိဝ သုမင်္ဂလ သာသနာပြုကုန်းမြေ

သက္ကဝတီ/ဂျိုးဖြူ

တုမှူလ်သောမကျောင်းတိုက်။

အသျှင်နန္ဒဓဇ

၏

# ဗုဒ္ဓဝင် ရှစ်လုံးဘွဲ့ကဗျာ

သိက္ခာတော် (၃) ဝါအရတွင်၊ ရေးသားသီကုံးသည်။

**သက်တော် (၆၂) မြောက်**

**ဓမ္မဒါနလက်ဆောင်**

၁၆၉၁၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်

မဟာသိဝ သုခဂ်လ သာသနာပြုကုန်းမြေ

သက္ကဝတီ/ဂျိုးဖြူ

တုမ္ဗူလံသောမကျောင်းတိုက်။

အသျှင်နန္ဒဓဇ

၏

# မုဒ္ဒဝင် ဂုဏ်လိုဏ်းဘွဲ့ကာဗျာ

သိက္ခာတော် (၃) ဝါအရတွင်၊ ရေးသားသီကုံးသည်။

## သက်တော် (၆၂) မြောက်

## မွေးဒါနလက်ဆောင်

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
( မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇ ) က ပုံနှိပ်ထုတ်ဝေသည်။

# “မုန္တဝင်ရှစ်လုံးဘွဲ့ကဗျာ”

## ဖွားတော်မူခန်း

၁

ကပ္ပိလွှေမြို့ မှိုင်းညို့ဖြာဖြာ၊ သုဒ္ဓေါဒန နန်းပမာယာ။
ဂေါတမီဘုန်း ရှင်ပြုံးကြည်သာ၊ ထီးဖြူမိုး အုပ်စိုးမင်းသုံးဖြာ။
မွှေဘုံနန်း၊ စံမြန်းလေကြရှာ။

၂

ထိုအခါကာလ နန်းမမာယာ၊ ဥပုသ်စောင့်သုံး ရှင်ပြုံးကြည်သာ။
ပရိဟ်ဆောင်မြွတ် ဝင်လတ်၍သာ၊ မေတ္တာစေတ် ဖြန့်လတ်အခါ၌။
သားရမှု တောင်းဆုပန်ခဲ့ရှာ။

၃

သီလတန်ခိုး ထက်ိုးဝဋ္ဋာ၊ သိကြားပဏ္ဍု တင်းမှုခက်မာ။
ဗြဟ္မာနတ်ပေါင်း သောင်းသောင်းအုပ်အာ၊ လူ့ပြည်သွား ဘုရားဖြစ်ဖို့ရော။
တုသိဖျား နတ်များ ခွင့်တောင်းရှာ။

၄

“သေတကေတု” မည်ပြုသညာ၊ လောင်းတော်နတ်မင်း ကြည့်ခြင်းငါးဖြာ။
လူ့ပြည်ကိုကြည့် တွေ့သည့်အခါ၊ မြတ်အလောင်း နတ်အပေါင်းခြံ၍သာ။
မယ်တော်ဝမ်း မျှော်မှန်းစုတေရှာ။

၅

သန္ဓေတော်မြတ် ရင့်လတ်သောခါ၊ “ဒေဝဒဟ” မိဘနေရာ။
ရွှေထမ်းစင်ထက် စီးလျှက်ငြင်သာ၊ စစ်သည်ပေါင်း ရံခြောင်းထွက်ခဲ့ရှာ။
ရဂုံတွင်း၊ တုံသင်းခြိမ့်ခြိမ့်ငြာ။

၆

“လုံ့မ္ဗိနီတော”သာမောဟေမာ၊ မာယာမယ်ဘွား ရောက်ငြားတဲ့ခါ။
နှုပ်ငုံတော်ပန်း ပွင့်လန်းဝေဆာ၊ မွှေအင်ကြင်း လက်တွင်းကိုင်၍သာ။
ကမ္ဘ လေခ သန္ဓေမှာ။

၇

ခြောက်ဆယ်ရှစ်ခု ဥတုဂိမ္ဘာ၊ ကဆုန်ပြည့်လတ် နေ့မြတ်သောကြာ။
လောင်းတော်ဖျားနတ် ဖွားလတ်ရှသာ၊ ရေမြေလုံး ရှင်ပြုံးခြိမ့်ခြိမ့်ငြာ။
နန်းအပေါင်း ခငြောင်းရှိခဲ့ရှာ။

၈

လောင်းတော်ကို ဖွား ချိန်မျှားမကြာ၊ "မာယာမေဘုန်း" ရှေ့ထုံးတံထွာ။
ပန်းစုံကြိုင်သင်း မြိုင်တွင်းဂနာ၊ အားကုန်ခန်း နတ်နန်းဝင်ရရှာ။
တုဿိနန်း စံမြန်းမမ္ဘာ။

## နန်းစံတော်မူခန်း

၉

သုဒ္ဓေါဒန မွေးဖပိတာ၊ လောင်းတော်သားမြတ် ပင့်လတ်ဆောင်ခါ။
ကပ္ပိပြည်လုံး ခြိမ့်အုံးကြွေငြာ၊ သိဒ္ဓတ္ထ နာမမင်္ဂလာ။
မည်တော်မှတ် ဘွဲ့မြတ်ဆင်ခဲ့ရှာ။

၁၀

လောင်းတော်မင်းသား ဘုရားအလျှာ၊ တဆဲ့ခြောက်နှစ် ရောက်လစ်သောအခါ။
"မိုး + နွေ + ဆောင်း၌ ပျော်ငြောင်းစံရာ၊" ရွှေရမ္မ + သုဘ + သုရမ္မာ။
ပြာသာဒ်နန်း တင့်ဆန်းပေါ်ခဲ့ရှာ။

၁၁

တစ်ဆယ့်ခြောက်နှစ်ရောက်လစ်လေသော်၊ သိဒ္ဓတ်မင်းသားဘုရားလောင်းတော်။
လေးတော်ပဇ်ပွဲ ဆင်နွဲပျော်ပျော်၊ အဋ္ဌာရ သိပ္ပစုံလို့ကျော်။
မြင်သူပေါင်း မငြောင်းအံ့ဘွယ်နှော်။

၁၂

လေးတော်အတတ် ပြလတ်ပြီးသော်၊ သာကီနွယ်ဖွား ဘုရားလောင်းတော်။
"ဘဒ္ဒကစ္စာန" ဘွဲ့သယသော်၊ စုလျားပတ် လက်ထပ်ဆင်လို့နှော်။
ဗွေသဖန်း၊ ရေဖျန်းခံလို့ပျော်။

၁၃

လောင်းတော်မင်းမြတ် သိဒ္ဓတ်အမော်၊ ရုံရွှေပေါင်းနှင့် စံပြောင်းမပျော်။
ဥဿျာဉ်တော်မြတ် အမတ်ကိုခေါ်၊ ယာဉ်ရထား နှင်သွားလေခဲ့သော်။
သံဝေဂ၊ တွေ့ရအလောင်းတော်။

၁၄

အို—နာ—သေမှု—ဘိက္ခုကိုယ်တော်၊ သံဝေလေးရပ် မေးလတ်လေသော်။
ဖန်ရည်ဆင်မြန်း ရဟန်းကိုနှော်၊ တွေ့မြင်ရ စိတ်ကရှင်လို့ပျော်။
နိက္ခမ၊ တမ်းတရည်လို့ရော်။

## တောထွက်ခန်း

၁၅

တောထွက်လိုရေး စိတ်တွေးနဲ့ပျော်၊ ထိုစဉ်ကာလ "နန်းမယသော်။
နတ်ငုံနဲ့ပျောင်း ဘွဲ့တောင်းလေသော်၊ စန်းဇာနူ၊ ရာဟုမျိုးသို့နှော်။
ငြီးငြူမှု၊ "**ရာဟု**" ဘွဲ့သခေါ်။

၁၆

ပြာသာဒ်ရွှေနန်း စံမြန်းမရှင်၊ "ဆန္နအမတ်" နှိုးလတ်တိုင်ပင်။
တောထွက်လိုရေး မိန့်ပေးကြည်လင်၊ "ကဏ္ဍက" မြင်းလှ ကကြိုးဆင်။
ကိုယ်တော်ကား၊ မြောက်သွားဆောင်သို့ဝင်။

၁၇

နိလာမြသား ကိုးပါးရောင်လွှင်၊ ခြူးလိမ်ဖောက်ပန်း တောက်လျှမ်းကြည်လင်။
ကြာခြည်တော်လှပ် ကြည့်လတ်အရှင်၊ "ယသော်နု" ရာဟုသားငွေစင်။
ပွေ့ချီဖက်၊ အိပ်စက်နေတဲ့သွင်။

၁၈

သားတော်ဖက်လို့ အိပ်စက်တဲ့သွင်၊ "သိဒ္ဓတ်မင်းသား" မြင်ငြားလေလျှင်။
မျက်နှာတော်နု ကြည့်ရှုလိုခြင်၊ "ကဋ္ဌန" သိက ခက်မည်မြင်။
စိတ်တော်ချုပ်၊ နောက်ဆုတ် တို့ဘုန်းရှင်။

၁၉

မြင်းတော် "ကဏ္ဍက" ကြိုးကစုံဆင်၊ "အမတ်ဆန္န" နောက်မှတူယှဉ်။
သန်းခေါင်နေဝေး လေးသွေးချိန်တွင်၊ နတ်မိးပြ ထွက်ကြတို့ဘုန်း‘ရှင်။
မာရ်နတ်တား၊ ပယ်ရှားမြိုင်သို့ဝင်။

၂၀

"နေ့ာ်မာ" ရစ်သန်း မြစ်ကမ်းကြင်လင်၊ သဲငွေလဲ့လဲ့ ရောက်ခဲ့ပြန်လျှင်။
ဇာနီ "ကဏ္ဍက" ခုံကြွရေယာဉ်၊ တဘက်ကမ်း တက်လှမ်းသောင်သို့ဝင်။
သဲငွေဥ၊ ဖွေးနု "နော်မာခွင်"။

၂၁

ကေသျှင်ဆံမြတ် ပယ်ဖြတ်ပြီးလျှင်၊ မိဋ္ဌာန်ဆင်နွဲ ပြောက်ကြဲဟောင်။
ဝတိန်ဖျားက နတ်များယူငင်၊ စေတ်မြတ် တည်လတ်ရွေးဦးပင်။
"စူဠာမဏိ"၊များသိ ဆံတော်ရှင်။

၂၂

"သဟမ္ပတိ"မည်ရှိပေါ်ထင်၊ ရွှေကြာသင်္ကန်း လှူဒါန်းပြီးလျှင်။
ဝတ်လဲတော်များ ဆောင်သွားယူငင်၊ ဗြဟ္မာရပ် တည်လတ်စေတီရှင်။
မည်နာမ "ဒုဿ" ရွှေဘွဲ့ဆင်။

၂၃

ဆံတော်ပယ်ဖြတ် အမြတ်ဘောင်ဝင်၊ ရွှေကြာသင်္ကန်း ဆင်မြန်းကြည်လင်။
"မောင်ဆန်+ကဏ္ဍက" ပြန်ကြစေနှင်၊ စီးတော်မြင်း ချက်ခြင်းသေပွဲဝင်။
"မောင်ဆန္န" ပြန်ရရွှေမြို့နှင်။

**ပွင့်တော်မူခန်း**

၂၄

"အနုပိယ" အမ္ဗဥယျာဉ်၊ တို့ရှင်တော်လောင်းပျော်အောင်းခိုဝင်။
"ရာဇဂြိုဟ်တိုင်း"ညို့မှိုင်းပြည့်ခွင်၊ နေ့စဉ်ပ လှမ်းကြွဆွမ်းတော်ဝင်။
မင်းဖြစ်မှု၊ ပယ်ပြုတို့ဘုန်းရှင်။

၂၅

“ဥရုဝေလ” တောဝမြိုင်ခွင်၊ ခြောက်နှစ်ပတ်လုံး ကျင့်သုံးခါတွင်။
အားတော်ကုန်ခန်း ညှိုးနွမ်းမရှင်၊ စင်္ကြံဦး မေ့မူးထေရ်ဘုန်းရှင်။
သဗ္ဗညု၊ ရမှုရှာခဲ့အင်။

၂၆

“သုဇာတာမြတ်” ဆက်ကပ်ကြည်လင်၊ ဃဏာနို့ဆွမ်း မြစ်ကမ်း “နေရင်”။
လေးဆယ်ကိုးလုပ် မယုတ်အစဉ်၊ ဘုဉ်းပေးလျက် ရွှေခွက်ရေသို့တင်။
မိဋ္ဌာန်ထား၊ ဘုရားဖြစ်ဖို့ပင်။

၂၇

နဒီရေယက် ရွှေခွက်ဆန်အင်၊ “သိဒ္ဓတ်ရှင်ဖျား” မြင်ညားလေလျှင်။
နတ်တို့လပ်းမှ ကြွမြန်းစုံခွင်၊ “သုဒ္ဓိယ” လှူထမြက်ဆုပ်ပင်။
ခံယူဘိ၊ ဗောဓိမြိုင်သို့ဝင်။

၂၈

ဗောဓိညောင်အောက်ရောင်တောက်ထိန်လွှင်၊မြက်ဆုပ်ဖြန့်ခင်းလျှံဝင်းကြည်လင်
ရွှေပလ္လင်ထက် ငြိပ်သက်စျာန်ဝင်၊ သစ္စာလေး မတွေးသိခါမြင်။
ပြဟ္မာနတ်၊ ဝိုင်းလတ်ရှိဦးတင်။

၂၉

“တရုသုံးခု” ဥတုနွေပင်၊ “ကဆုန်လပြည့်” ဆင်နေ့တော်တွင်။
ဝိသာခါမြတ် နက္ခတ်စုံလင်၊ ငါးပါရ်မျိုး ပယ်ချိုးအောင်လို့မြင်။
ပြတ်ဇိန၊ ဘွဲ့သတို့ဘုန်းရှင်။

## သတ္တဋ္ဌာနစံခန်း

၃၀

သိကြွားနတ်မင်း ကပ်ချဉ်းရှိုမြန်၊ အပူစော်ပဲ့ ဆင်နွဲ့ယူခံ။
ဗောဓိညောင်ပန်း အောင်နန်းပင်ယံ၊ ခုနှစ်ရက် ငြိမ်သက်ကိုယ်တော်စံ။
ပထမ၊ ဌာနအောင်မြေမှန်။

၁၆၉၁၄

၃၁

သတ္တာဟစေ့ အရှေ့မြောက်ယံ၊ ဆယ်လံကွာဘိ "အနိမိသ"
မျက်တောင်မမှိတ် ကုန်းထိပ်မြေမှန်၊ ခုနစ်ရက် ငြိမ်သက်ကိုယ်တော်စံ။
ဒုတိယ၊ ဌာနအောင်မြေမှန်။

၃၂

မြောက်ဘက်တဲ့တဲ့ သုံးဆယ့်ငါးလံ၊ နတ်တို့ဖန်ဆင်း လျှံဝင်းဘုံပျံ။
"စင်္ကြံ"တော်ထက် လျှောက်လျက်ဖန်ဖန်၊ ခုနစ်ရက် ငြိမ်သက်ကိုယ်တော်စံ။
တတိယ၊ ဌာနအောင်မြေမှန်။

၃၃

သေးဆယ်လံပြု ရာဟုထောင့်ယံ၊ "ရတနာဃရ" နာမဘုံပျံ။
ဘိဓမ္မာကျမ်း ဆင်မြန်းဖန်ဖန်၊ ခုနစ်ရက်ငြိမ်သက်ကိုယ်တော်စံ။
ရောင်ခြည်လင်း၊ ထိန်ဝင်းကြည်လို့လျှံ။

၃၄

အနောက်တဲ့ဘဲ့ သုံးဆယ့်ငါးလံ၊ မြရောင်စိမ်းလဲ့ ယိမ်းနွဲ့ဝေလျှံ။
အရိပ်ကောင်းသည့်"ဆိတ်ကျောင်းညောင်ယံ"၊ခုနစ်ရက် ငြိမ်သက်ကိုယ်တော်စံ။
ပဥ္စမ၊ ဌာနအောင်မြေမှန်။

၃၅

အရှေ့တောင်ဘက် ချင့်ကျက်မျှော်ပြန်၊ "မုစ္စလိန္ဒ" နာမ သည်ံ။
ကျည်းပင်အရင်းကပ်ချဉ်းပျော်ပြန်၊ နဂါးနတ် မိုးလတ်ပါးပျဉ်းခံ။
ခုနစ်ရက် ငြိမ်သက်ကိုယ်တော်စံ။

၃၆

တောင်ဘက်တဲ့တဲ့ သုံးဆယ့်ငါးလံ၊ "လင်းလွန်းပင်မြတ်"ဝင်ကပ်ခိုပြန်။
ဖိုလ်မြတ်တရား စံစားဖန်ဖန်၊ ခုနှစ်ရက် ငြိမ်သက်ကိုယ်တော်စံ။
သတ္တမ ဌာနအောင်မြေမှန်။

## ဝါဆိုတော်မူခန်း

၃၇

“မိဂဒါဝေ”သာမောမြိုင်ညို၊ တရားသုံးခု ဥတုနွေဆို။
ဝါဆိုလပြည့် မြွေနေ့တော်ကို၊ “ဝဂ္ဂငါး”တရားသိစေလို။
ဓမ္မစက် ဟောမြွက်မိန့်ခွန်းချို။

၃၈

ဗာရာပိုင်ဘိ ဣသိခေါ်ဆို၊ “မိဂဒါဝုန်တော”စုံကြောမြိုင်ညို။
ကုဋေဆယ့်ရှစ် မျှားလစ်ထိုထို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
အရဟာ၊ ပထမဝါတော်ဆို။

၃၉

“ရာဇဂြိုဟ်တိုင်း”ညိုမှိုင်းစိုစို၊ ဒုတိ၊ တတိ၊ စတု၊ သုံးခုဝါကို။
“ဝေဠုဝန်ကျောင်း”ကိုန်းအောင်းစံခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
အနုတ္တရ စတုတ္ထ ဝါတော်ဆို။

၄၀

ဝေသာလီမင်း ပိုင်နင်းထိုထို၊ “မဟာဝုန်တော”စုံကြောမြိုင်ညို။
“ကူဋာဂါရ”သာလနေခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
ပဉ္စမ၊ ရွှင်ပြုဝါတော်ဆို။

၄၁

ရှုက်ငုံပွင့်ဖူး တင့်ထူးပျိုပျို၊ ပန်းစုံယိမ်းလဲ့ စိမ်းနွဲ့စိုစို။
“မကုလခေါ်ဌြား”ချယားတောင်ကို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
မြတ်ဘဂဝ၊ ဆဋ္ဌမ ဝါတော်ဆို။

၄၂

“တာဝတိံသာမြို့”နတ်တို့ဗဟို၊ ကသစ်ပင်ရင်း မှီတင်းစံခို။
ဘိဓမ္မာမြတ် ဟောလတ်ထိုထို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
မြတ်အရဟာ၊ သတ္တမဝါတော်ဆို။

၄၃

"ဘေသကလ"တောဝမြိုင်ညို၊ "ဘဂ္ဂတိုင်းဟု"ပြန့်လှိုင်းဗဟို။
"သံသုမာရ"မြို့မမှိုခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို့။
ဘဂဝ၊ အဋ္ဌမဝါတော်ဆို။

၄၄

ကြို့ပင်အရပ် တည်လတ်ပြည်ကို၊ "ကောသမ္ဗီတိုင်း"သမိုင်းခေါ်ဆို။
ထိုမြို့တော်မြတ် များလတ်လူဗိုလ်၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို့။
ယာပထ နဝမ ဝါတော်ဆို။

၄၅

"ပလလဲတော"သာမောမြိုင်ညို၊ မြရောင်သွင်ဆင်း အင်ကြွင်းပင်ပျို။
"ပါလိလေယျ"နာမဆင်ကို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို့။
မြတ်နရ ဒသမဝါတော်ဆို

၄၆

"နာဠမည်ညား"ပုဏ္ဏားရွာကို၊ တို့ရှင်တော်ဖျား ဝင်နားမှီခို။
ဝေနေအပေါင်း ကျွတ်ကြောင်းထိုထို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို့။
ကောဒသ။ ချဉ်းကပ်ဝါတော်ဆို။

၄၇

"ဝေရဉ္ဇာတိုင်း"သမိုင်းခေါ်ဆို၊ ဝေနေအများ သနားတော်ပို။
မယောသွမ်းနှဲ မျှတမ်းမှီခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို့။
ဘဂဝါမြတ်၊ ဒွါဒသ်ဝါတော်ဆို။

၄၈

"စာလိယာဟု"နာမချိုချို၊ မြှောင်နရန်းနှင့် တောင်တန်းညိုညို။
လူနတ်အများ သနားတော်ပို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို့။
တေရသ၊ ဗုဒ္ဓဝါတော်ဆို။

၄၉

'သာဝတ္ထိဟု''ခေါ်ပြုဗဟို၊ ''နာထပိဏ်မြတ်''ဆောက်လတ်ကြည်ညို။
ဇေတဝန်ကျောင်း ကိန်းအောင်စံခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
နရှုတ်မြတ်၊ စုဒ်ဒတ်ဝါတော်ဆို။

၅၀

''ကပ္ပိမြေမြတ်''နေရပ်ပြည်ကို၊ ''နိဂြောဓကျောင်း''ကိန်းအောင်စံခို။
ဆွေတော်မျိုးပေါင်း ရှစ်သောင်းထိုဟို အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို
အရဟံမြတ်၊ ပန္နရသ်ဝါတော်ဆို။

၅၁

''အာဠဝီတိုင်း'' ရှိပိုင်းညိုညို၊ ''အာဠဝက''ယက္ခမာန်ကို။
ခန္တီလောင်းတို့ ရှစ်သောင်းသူပိုလ်၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
သောဠသ၊ ဗုဒ္ဓဝါတော်ဆို။

၅၂

''ဗိမ္ဗိသာရ''ပိုင်သာဗဟို၊ ရာဇဂြိုဟ်တိုင်း ကျော်လှိုင်းပြည်ကို။
''ဝေဠုဝန်ကျောင်း''ပျော်အောင်းစံခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
နှစ်ဝါကပ်၊ အဋ္ဌာရသ်ဝါတော်ဆို။

၅၃

ပျော်ဘွယ်သာသည့်''စာလိတောင်ညို''၊ ပန်းစုံယှဉ်ပိုင်းနွဲ့ မိမ်းလဲ့စိုစို။
ဝေနေအပေါင်း ထောင်သောင်းလူပိုလ်၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းပို။
ကျေူန ဝီသပါတော်ဆို။

၅၄

တောင်ညိုငါးလုံး ပိဘ်ဖုံးကာခို၊ ''ရာဇဂဟ သားစုပြည်ကို။
ရွှေကိုယ်တော်မြတ် လူနတ်သိုထို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းပို။
ဝီသတိ ကြည်အိ ပါတော်ဆို။

၁၅

နှစ်ဆယ့်တစ်က စလစ်ထိုထို၊ ဆယ့်ကိုးဝါမျှ ကြာသည့်အောင်ကို။
"ဇေတဝန်ကျောင်း" ကိန်းအောင်းစံခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
ကျေနစတ္တ ဝါတော်ဆို။

၁၆

စတ္တာလီသ အစဝါကို ငါးနှစ်ဝါမြတ် ကြာလတ်ထိုထို။
"ပုပ္ဖါရုံကျောင်း" စံအောင်းမှီခို၊ အမြိုက်ဆေး တိုက်ကြွေးမြတ်ဘုန်းမို။
စတုစတ် ချဉ်းကပ်ဝါတော်ဆို။

၁၇

"ဝေသာလီမိုင်း" "တိုင်းရာဇဂြိုဟ်" ထိုနှစ်ပြည်ကြား ပုဏ္ဏားရွာကို။
"ဗေလုဝ၌" ဗုဒ္ဓစံခို၊ အမြိုက်ဆေး၊ တိုက်ကျွေးမြတ်ဘုန်းမို။
ပဉ္စာစတ်၊ သျှင်မြတ်ဝါတော်ဆို။

## ပရိနိဗ္ဗာန် စံဝင်ခန်း

၁၈

တစ်လေးရှစ်ခု၊ ဥတုန္ဒေဆို၊ ကဆုန်လပြည့်၊ ခြသေ့်နေ့ကို။
"ကုသိန်ပြည်နန်း" တင့်ဆန်းစိုစို၊ မလ္လာမင်း အင်ကြင်းဥယျာဉ်ပျို။
ခေမာနန်း၊ စံမြန်းဝင်လိုခို၊

၁၉

တစ်ရာ့လေးရှစ်၊ သက္ကရာဇ်နှေဆို၊ ကဆုန်ပြည့်ထက် (၁၂)ရက်လွန်ပို။
ဂဠုန်နေ့မြတ်၊ ဝင်းလျှပ်ရောင်မျို၊ "တေဇောမီး" ထ်နိုငြိုးပြောင်လို့ကို။
ဓာတ်တော်မျှ၊ ကြွင်းရမြတ်ဘုန်းမို၊

၆ဝ

တစ်လေးရှစ်ပ၊ နယုန်လခွေ့ဆို၊ လဆန်းငါးမှတ် "ကျားမြတ်နေ့ကို"။
ဖွားနိရွှေဆင်း ခေတ်မင်းထိုထို၊ မင်းဒေါန" ဝေငှလွှန်ကြည်ညို။
"ပြည်ထောင်ရှစ်" ပင့်လစ်ဌာနကို။

၆၁

"သားတော်မြတ်မှ"မွေ့ခေတ်ရောင်လွှင်၊ ငါးရွှေထိန်တောက်"ပဲနောက်"အသွင်။
ပြည်ဝင်ဇလား "ငါးကွမ်းစားပင်"၊ စွန်းမထွက် ဝင်းစက်ဒေတ်မွှေရှင်။
ရွှေအဆင်း ဝင်းဝင်းဝါဝါလွှင်။

၆၂

"ရိုးတော်ခေတ်မှ" မွေ့ခေတ်ရောင်လွှင်၊ ငွေ့ရောင်ပုလဲ "ဆန်ကွဲ"အသွင်။
ပြည်ဝင်ဇလား ငါးကွမ်းစားပင်၊စွန်းမထွက် ဝန်းစက်ခေတ်မွှေရှင်။
ဘော်ငွေ့သွေး ဖွေးဖွေးဖြူဖြူလွှင်၊

၆၃

"သွေးတော်ခေတ်မှ"မွေ့ခေတ်ရောင်လွှင်၊ မြတ်လေးနီဆင်း "မုံညင်း" အသွင်။
ပြည်ဝင်ဇလား"ခြောက်ကွမ်းစားပင်"၊ စွန်းမထွက် ဝန်းစက်ခေတ်မွှေရှင်။
ကြာနီသွေး ထွေးထွေးနီနီလွှင်။

၆၄

"ညှပ်ရိုးတော်နှစ်" သင်းကျစ်ရွှေစင်၊ "စွယ်တော်လေးစင်း" ဖြူဝင်းကြည်လင်။
အသမ္ဘိန်ခေတ်"ပေါင်းလပ်ခွန်ပင်၊ တောဇောခေတ် ကြွင်းလတ်ခေတ်မွှေရှင်။
ပကတိ တည်ရှိရှေးအသွင်။

## ၉-တိုင်း ၉-ဌာန သာသနာပြုခန်း

၆၅

"မဟာဒေဝ" နာယကတင်ကာ၊ မဟိသမဏ္ဍလ"အန္တကတိုင်းမှာ။
"ဒေဝဒူတ" ဟောပြ၍သာ၊သာသနာမူ စ,ပြုတည်ခဲ့ရှာ။
၉-ဌာန ပထမအောင်မြေပါ။

၆၆

“သျှင်ရက္ခိတ” နာယကတင်ကာ၊ “ဝနဝါသီ” မည်ရှိတိုင်းမှာ။
“အနမတဂ္ဂ”မြွက်ဟာဒေသနာ၊ သာသနာစ ညွှန်းပြတည်ခဲ့ရှာ။
၉-ဌာန ဒုတိယအောင်မြေချာ။

၆၇

“ယောနကဓမ္မ” ရက္ခိတထေရ်မဟာ၊ “အပရန္တတိုင်း”မဆိုင်းကြွကာ။
“အဂ္ဂိခန္ဓောပမ”ဟောပြ၍သာ၊ သာသနာစက် ပနက်တည်ခဲ့ရှာ။
၉-ဌာန တတိယအောင်မြေသာ။

၆၈

“မဟာဓမ္မရက္ခိတ”နာယကတင်ကာ၊ “မဟာရဋ္ဌ”မြန်းကြွတိုင်းမှာ။
“မဟာနာရဒ+ကဿပသုတ်လာ”၊ ဟောဖော်ပြ မျိုးချသာသနာ။
၉-ဌာန စတုတ္ထမြေမဟာ။

၆၉

“မဟာရက္ခိတ”နာယကတင်ကာ၊ “ယောနကတိုင်း” မဆိုင်းကြွလာ။
“ကာဠကာရာမ”ဟောပြသုတ်လာ၊သာသနာထူး ရှေးဦးတည်ခဲ့ရှာ။
၉-ဌာန ပဉ္စမတည်နေရာ။

၇၀

“သျှင်မဇ္ဈိမ”နာယကတင်ကာ၊ “ဟိမဝန္တ+စိန”တိုင်းမှာ။
“ဓမ္မစက္က”ညွှန်းပြသုတ်လာ၊ သာသနာမျိုး စမျိုးတည်ခဲ့ရှာ။
၉-ဌာန ဆဋ္ဌမြေဇေယျာ။

၇၁

“သောနုတ္တရ”နာယကနှစ်ဖြာ၊ “သုဝဏ္ဏဘုမ္မိ”မည်ရှိတိုင်းမှာ။
“ဗြဟ္မဇာလ”ညွှန်ပြသုတ်လာ၊ သာသနာရေး မျှော်တွေးပြုခဲ့ရှာ။
၉-ဌာန သတ္တမမြေထွန်းချာ။

၄၂

"မဇ္ဈန္တိက"နာသကဘင်ကာ၊ "ကသ္မီယ+ဂန္ဓာရ"တိုင်းမှာ။
"အာသိဝိသောပမ" ဟောပြသုတ်လာ၊ သာသနာမိုး သွန်းဖြိုးရွာခဲ့ရှာ။
ဇ-ဌာန အငြှမ်မြေပထဗျာ။

၄၃

"အသျှင်မဟာမဟိန္ဒ" နာယကဘင်ကာ၊ "လင်္ကာဒီပ+သီဟဠ"တိုင်းမှာ။
စူဠမည်ရှိ "ဟတ္ထိပဒေါပမာ"၊သုတ္တန်ညွန်း တည်ထွန်းသာသနာ။
ဇ-ဌာန နဝမအောင်မြေပါ။

၄၄

"ဗုဒ္ဓဝင်မှတ်ဟမ်း" ဇာတ်လမ်းဒေသနာ၊ စလယ်အဆုံး ကျဉ်းမြှုံးဖွေရှာ။
ဂုဏ်တော်အနန္တ ကြံဆခါခါ၊ သဒ္ဓါဖြိုး မြတ်နိုးကြည်လင်စွာ။
ဆယ်ဖြာလက် ပေါင်းယှက်ဝန္ဒနာ။

၄၅

## ဆုတောင်း ပတ္ထနာ

ဤစာရေးရ ပုညကုသိုလ်၊ ရောဂါရန်ကင်း သန့်ရှင်းရွှေကိုယ်။
ဝိဇ္ဇာသိပ္ပ တတ်ရထိုထို၊ သဗ္ဗညု တောင်းဆုပြည့်ရလို။

အသျှင်နန္ဒမဇ

တုမ္ဗုလသောမ ကျောင်းတိုက်

သက္ကဝတီ–ဂျီးဖြူဌာန

ပ-မ-သ-စ—၂၃၅—၂၀-၈-၈၂—၁၀၀၀-အုပ်။ (၂)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊

ကျိုက္ကဆံလမ်း၊ အမှတ် ၂၂၈၊

ဦးသောင်းလွင် နည်းသစ်စာအုပ်တိုက်

ဒေါ်တင်ရီ သူဇာတင်အလှပြုပြင်ရေး

**မိသားစု ဓမ္မဒါန။**